# ဒုတိယအကြိမ်လွှတ်တော်မှ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ

## နောက်ခံအကြောင်းအရာ

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၀ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၃၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၁၁၅၀ ဦးရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပြီး နိုင်ငံရေးပါတီ ၂၁ ပါတီမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်အချို့ အနိုင်ရရှိခဲ့ကြသည်။ ဤဆောင်းပါးတွင် အနိုင်ရတစ်သီးပုဂ္ဂလကိုယ်စားလှယ်များအကြောင်း အဓိကတင်ပြသွားမည် ဖြစ်ပါသည်။ ဆောင်းပါးပါအချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရရှိပြီး လေ့လာသုံးသပ်ရာတွင်လွယ်ကူစေရန် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ Excel ပုံစံအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ခဲ့သည်။


## လေ့လာဆန်းစစ်ချက်

### လွှတ်တော်အလိုက် အနိုင်ရရှိသူ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးရေ

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၌ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၉၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိသူ ၁ ဦး၊ အမျိုးသားလွှတ်တော်တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၄၂ ဦး ယှဉ်ပြိုင်သည့်အနက် ၂ ဦး အနိုင်ရရှိခဲ့သည်။ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်များတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ် စုစုပေါင်း ၁၅၂ ဦးထိ ယှဉ်ပြိုင်ခဲ့ပြီး ၁ ဦးသာ အနိုင်ရရှိသည်။ တိုင်းရင်းသားရေးရာကိုယ်စားလှယ်နေရာ ၂၉ နေရာတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၁ ဦး အနိုင်ရရှိခဲ့သည်။ သို့ဖြစ်ရာ လွှတ်တော်အရပ်ရပ်တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ် စုစုပေါင်း ၃၁၀ ဦး ယှဉ်ပြိုင်သည့်အနက် ၅ ဦး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အောက်ပါပုံ (၁) တွင် ယခုလက်ရှိအချိန်ထိ လွှတ်တော်အသီးသီးတွင် ရှိနေသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်များကို ဖော်ပြထားပါသည်။

**ပုံ (၁) လွှတ်တော်အသီးသီးရှိ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ**




## အနိုင်ရရှိသည့်မဲဆန္ဒနယ်များ

တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးအားလုံး၌ အောင်နိုင်မှု လုံး၀ မရရှိခဲ့ပါ။ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၅ ဦးလုံးသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မှ ၂ နေရာ တို့တွင် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ခြင်းဖြစ်ရာ ပြည်နယ်များတွင်သာ အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်သည်။

## အနိုင်ရရှိသည့် ခိုင်လုံမဲရာခိုင်နှုန်း

တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနိုင်ရရှိခဲ့သော ခိုင်လုံမဲရလဒ်များကိုကြည့်ပါက အနည်းဆုံး ၄၁.၈၂% မှ အများဆုံး ၅၇.၆၂% အထိ ရရှိခဲ့ကြောင်းတွေ့ရပါသည်။ ခိုင်လုံမဲရလဒ် ၄၁.၈၂% မှာ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ် အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၅၇.၆၂% မှာ ပြည်သူ့လွှတ်တော်တစ်နေရာအတွက် ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ်မှအနိုင်ရရှိသူ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဖြစ်သည်။

## အနိုင်ရရှိသူများ၏ နောက်ခံကိုယ်ရေးအချက်အလက်တို့ကို လေ့လာခြင်း

အနိုင်ရရှိခဲ့သူ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ပညာအရည်အချင်းမှာ အနိမ့်ဆုံး အခြေခံပညာအထက်တန်းအဆင့်မှ အမြင့်ဆုံးမဟာဘွဲ့အထိ ပါဝင်ကြောင်းတွေ့ရသည်။ ၎င်းတို့၏ အလုပ်အကိုင်မှာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်အထူးဒေသဥက္ကဋ္ဌ၊ ဘာသာရပ်သင်ဆရာ၊ စစ်မှုထမ်းဟောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စသည့် မတူညီသောနောက်ခံအကြောင်းအရာများကို စုံလင်စွာ တွေ့ရသည်။ အသက်အရွယ်မှာ အငယ်ဆုံး ၄၃ နှစ် မှ အကြီးဆုံး ၇၅ နှစ်အထိ ပါဝင်ပြီး ၅ ဦးအနက် ၄ ဦးသည် အသက် ၆၀ မှ ၇၅ အတွင်း ဖြစ်ကြသည်။ လွှတ်တော်တွင်းရှိ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များတွင် အမျိုးသမီးပါဝင်မှု မရှိဘဲ အနိုင်ရရှိသူ ၅ ဦးလုံးသည် အမျိုးသားများဖြစ်ကြသည်။

## ပြောင်းလဲမှုများ (နိုဝင်ဘာ ၈၊ ၂၀၁၅ မှ ဇူလိုင် ၂၈၊၂၀၁၆ အတွင်း)

### တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အရေအတွက် ပြောင်းလဲခြင်း

မူလက လွှတ်တော် ၃ ရပ်နှင့် တိုင်းရင်းသားရေးရာတို့တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၅ ဦး ရှိသော်လည်း လက်ရှိအချိန်တွင် ၄ ဦးသာ ကျန်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ် မရှိတော့ပါ။

အကြောင်းမှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ (၂၆) ရက် နေ့စွဲဖြင့် ထုတ်ပြန်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၆/၂၀၁၆) အရ ရခိုင်ပြည်နယ်လွှတ်တော်၊ စစ်တွေမဲဆန္ဒနယ် အမှတ် (၂) မှ အနိုင်ရတစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးသည် ရခိုင်အမျိုးသားပါတီ၏ ကိုယ်စားလှယ်အဖြစ်သို့ ပြောင်းလဲခဲ့ခြင်းကြောင့် ဖြစ်သည်။

## အနိုင်ရကိုယ်စားလှယ်ပြောင်းလဲခြင်း


အခြားပြောင်းလဲမှုတစ်ရပ်မှာ ကိုယ်စားလှယ်အပြောင်းအလဲမှုဖြစ်သည်။ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၅)၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးဇခုန်တိန့်ယိန်းမှာ တရားမဲ့ပြုကျင့်မှုများကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပျက်ပြယ်ကြောင်း ဆုံးဖြတ်သည့်အမိန့်ကို ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်တွင် ချမှတ်ခဲ့သည်။ ဦးဇခုန်တိန့်ယိန်းသည် မဲရလဒ် ၄၅.၃၀ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သူဖြစ်ပြီး ယခုဆုံးဖြတ်ချက်အရ ၂၃.၀၁ ရာခိုင်နှုန်းဖြင့် ခိုင်လုံမဲရလဒ် ဒုတိယအများဆုံးရရှိသူ ဦးယောနာက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်လာခဲ့သည်။

သို့သော်လည်း ပြန်လည်အနိုင်ရရှိသူ ဦးယောနာသည် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ပင် ဖြစ်သည့်အတွက် အနိုင်ရတစ်သီးပုဂ္ဂလကိုယ်စားလှယ်အရေအတွက်စုစုပေါင်းတွင် အတိုးအလျှော့ပြောင်းလဲ မှုမရှိပါ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခံရသည့် ဦးဇခုန်တိန့်ယိန်းသည် ကချင်၊လချိဒ် (ငော့ချန်း) လူမျိုးဖြစ်ကာ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ထာဝရ ငြိမ်းချမ်းရေးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌတစ်ဦး ဖြစ်သည်။ အစားထိုးအနိုင်ရရှိသူ ဦးယောနာသည် လီဆူလူမျိုးဖြစ်ပြီး ပထမအကြိမ်လွှတ်တော်၊ ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးဖြစ်သည်။

အောက်ပါ ပုံ (၂) တွင် ရွေးကောက်ပွဲရလဒ်များထွက်ပေါ်ပြီးသည့် နိုဝင်ဘာလ (၈) ရက်၊ ၂၀၁၅ မှ ဇူလိုင်လ၊ ၂၀၁၆ အတွင်း အနိုင်ရတစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ပြောင်းလဲမှုအခြေအနေများကို ဖော်ပြထားပါသည်။

**ပုံ (၂) အနိုင်ရတစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ပြောင်းလဲမှုအခြေအနေများ**

**(၈ ရက်၊ နိုဝင်ဘာ ၂၀၁၅ မှ ၂၈၊ ဇူလိုင်၊ ၂၀၁၆ အတွင်း)**




(ANP=Arakan National Party)

## သုံးသပ်ချက်

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၃၁၀ ဦးထိ ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း အနိုင်ရရှိသူဦးရေမှာ ၅ ဦးသာရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၁.၆ ရာခိုင်နှုန်းသာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့သည် ပါတီတစ်ခု၏မူဝါဒကိုကိုင်စွဲ၍ ၊ ယင်းပါတီကို အမှီပြု၍ လွှတ်တော်တွင်းသို့ ဝင်ရောက်လာခြင်းမဟုတ်သည့်အတွက် သီးခြားလွတ်လပ်စွာရပ်တည်နိုင်သော အင်အားတစ်ရပ်ဖြစ်သည်။ သို့သော် လွှတ်တော်အသီးသီး၌ မဲဆန္ဒခံယူဆုံးဖြတ်သည့်ကိစ္စရပ်များတွင်

ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုကိုရရှိရန် များစွာကြိုးပမ်းရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း၏ ဆန္ဒနှင့်အဆိုပြုချက်ကို လွှတ်တော်တွင် ပေါ်လွင်အောင်မြင်စေရန်မှာ မလွယ်ကူသောအခြေအနေဖြစ်သည်။ ထိုအခြေအနေကို ထင်ဟပ်သည့်သာဓကတစ်ခုမှာ အနိုင်ရတစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦး ၎င်း၏ ပြည်နယ်မှ မဲအများစုအနိုင်ရ တိုင်းရင်းသားအင်အားစုပါတီတစ်ခုသို့ ကူးပြောင်းသွားခြင်းဖြစ်သည်။

၎င်းပြင် ပြီးခဲ့သည့် ပထမအကြိမ်လွှတ်တော်မှလွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့ ၂၀၁၅ ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှု မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် မိမိကိုယ်ပိုင်ရပ်တည်ချက်၊ ဆုံးဖြတ်ချက်ဖြင့် ပြည်သူအားကိုယ်စားပြုနိုင်သော လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာရန် နှင့် ယင်းလွှတ်လပ်သည့် သီးခြား အင်အားစုကို လွှတ်တော်တွင်းနိုင်ငံရေးအင်အားစုတစ်ခုအဖြစ်ပြောင်းလဲကာ ပြည်သူလူထု၏ ယုံကြည်ကိုးစား မှုရရှိနိုင်ရေးတို့သည် အဓိကစိန်ခေါ်မှုများဖြစ်နေကြောင်း ရှုမြင်သုံးသပ်ရပါသည်။